ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/၂၇၂၀
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ မေလ ၂၆ ရက်

အကြောင်းအရာ။ Quarterly Report များ ပေးပို့တင်ပြရန်ကိစ္စ

ရည် ညွှန်း ချက်။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂၉-၆-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅) လိုင်စင်/၂၉၆၅

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်သူများ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား လွတ်လပ်စွာ ရွေးချယ်သုံးစွဲနိုင်ရေး၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ခွင့် ရှိစေရေးတို့အတွက် လုပ်ငန်းလိုင်စင်အသီးသီးတွင် ခွင့်ပြုဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရယူပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည့် ကုမ္ပဏီများအနေဖြင့် လိုင်စင်ပါ Accounts and Records ကွင်းပါရှိသည့် လိုက်နာရမည့် တာဝန်များအရ လိုင်စင်ရရှိပြီးသည့် အမျိုန်မှစ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား Quarterly အလိုက် Report ပေးရန် တာဝန်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ လိုင်စင်ရယူထားသည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းပိုင်းဆောင်ရွက်နေမှုများအား မည်သည့်ဒေသ၊ မည်သည့်မြို့နယ်များတွင် မည်သည့်နည်းပညာဖြင့် မည်သို့သော ဝန်ဆောင်မှုအမျိုးအစားများပေးနေပြီး Customer မည်မျှရယူသုံးစွဲလျက်ရှိသည်ကို Operation Report အဖြစ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ လိုင်စင်နှင့်စစ်ဆေးရေးဌာန သို့လည်းကောင်း၊ ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှု၊ သုံးစွဲမှုနှင့်ငွေပေးချေရမှုများအား အထောက်အထားများနှင့် ပြည့်စုံစွာတင်ပြ၍ Financial Report အဖြစ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဘဏ္ဍာရေးဌာန သို့လည်းကောင်း မိမိတို့လိုင်စင်ရရှိသည့်အချိန်မှစ၍ Quarterly Report များအား မပျက်မကွက် (မပျက်မကွက်) ပေးပို့ရမည်ဖြစ်ပါကြောင်း ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် လိုင်စင်ရကုမ္ပဏီများ အနည်းငယ်မှလွဲ၍ ပေးပို့တင်ပြလာခြင်း မရှိသည်ကို တွေ့ရှိရ၍ အထက်ဖော်ပြပါ Report များအား ပေးပို့တင်ပြရန် ထပ်မံအကြောင်းကြားပါသည်။

၅။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လိုင်စင်ရရှိသူများ ရရှိထားသော လိုင်စင်အရ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ပေးပို့အကြောင်းကြားခြင်းဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၇ အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ဘဏ္ဍာရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- ရုံးလက်ခံ
- မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/၀၇၅၆

ရက်စွဲ ၊၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

အကြောင်းအရာ။ **Quarterly Report များ ပေးပို့တင်ပြရန်ကိစ္စ**

ရည် ညွှန်း ချက်။ (၁) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂၉-၆-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၅၀၀ -ဆည/ခွဲ(၅) လိုင်စင်/၂၉၆၅
(၂) ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၂၆-၅-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅) လိုင်စင်/၂၇၅၀

၁။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအမှန်ကို အများပြည်သူနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိလက်ခံစေရန်အတွက် လိုအပ်သည့် အချက်အလက်များကို လစဉ်၊ နှစ်စဉ်လိုအပ်သလို ရရှိစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ၌ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သော စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ၊ အစီရင်ခံစာများကို တိကျမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန်နှင့် သုံးလပတ်အစီရင်ခံစာ ပေးပို့ရန်အတွက် ပေးပို့စေလိုသည့်ပုံစံများနှင့် လိုင်စင်စည်းကမ်းချက် ပြင်ဆင်မှုတို့အတွက် ပြင်ဆင်လိုသည့် ရည်ရွယ်ချက်နှင့်ပုံစံများကို ဝန်ကြီးဌာန Website တွင် အများပြည်သူသဘောထားအား (၂၉-၁၂-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ပေးပို့ရန် ကြေညာထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများမှ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြင်ဆင်လိုမှုများအား အကြံပြုတင်ပြလာခြင်း မရှိသည့်အတွက် ဌာနမှ သတ်မှတ်ထားသည့် Quarterly Report ပုံစံနှင့် လိုင်စင်စည်းကမ်းချက် ပြင်ဆင်မှုတို့အား လက်ခံကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသော ကုမ္ပဏီများအနေဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှစ၍ Quarterly Report များအား ပူးတွဲပါဇယားတွင် ပြည့်စုံစွာဖြည့်စွက်ပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မပျက်မကွက်(မပျက်မကွက်) ပေးပို့တင်ပြရန် အကြောင်းကြားပါသည်။

၄။ ထို့ပြင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ၏ လိုင်စင်စည်းကမ်းချက် Account and Records တွင် ဖော်ပြခဲ့သော စာသားအား အောက်ဖော်ပြပါစာသားဖြင့် အစားထိုးပြင်ဆင်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်-

ပြင်ဆင်မည့်စာသား - "The Licensee shall maintain operating report and accounting records and submit those operating report and accounting records to Posts and Telecommunications Department on a quarterly basis to enable the Licensee to

accurately determine its expenses, investments, revenues and financial position in accordance with generally accepted accounting principles"

ပူးတွဲပါ (၂) စုံ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မျိုးဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသောကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဘဏ္ဍာရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရုံးလက်ခံ

မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/ ၆၇၂၈

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊စက်တင်ဘာလ ၂ ရက်

အကြောင်းအရာ။ **Quarterly Report များ ပေးပို့တင်ပြရန်ကိစ္စ**

ရည် ညွှန်း ချက်။ (၁)ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏(၃၀-၁-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅) လိုင်စင်/ ၀၇၅၆

(၂)ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏(၁၁-၄-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅) လိုင်စင်/ ၂၅၆၈

(၃)ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏(၅-၁၀-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၅၀၀-ဆည/ခွဲ(၅) လိုင်စင်/ ၇၀၇၄

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လိုင်စင်ရယူထားသည့်ကုမ္ပဏီများသည် လိုင်စင်ရရှိပြီးနောက် လုပ်ငန်းများစတင်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါ စည်းကမ်းချက်များအပြင် ဌာနမှ အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရယူထားသည့် ပူးတွဲဖော်ပြပါ ကုမ္ပဏီများအနေဖြင့် လိုင်စင်ပါ Accounts and Records တွင် ပါရှိသော စည်းကမ်းချက်များအရ လိုင်စင်ရရှိပြီးနောက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် သုံးလပတ်လုပ်ငန်းအစီရင်ခံစာ (Quarterly Report) အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်သည်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်း မရှိလျှင်ဖြစ်စေ အကျိုးအကြောင်း ဖော်ပြ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ **မပျက်မကွက် (မပျက်မကွက်)** ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ပူးတွဲဖော်ပြပါ ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် သုံးလပတ်လုပ်ငန်းအစီရင်ခံစာ ပေးပို့တင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရည်ညွှန်းပါစာများဖြင့် ညွှန်ကြားချက်များအပေါ် သိရှိလိုက်နာဆောင်ရွက်သွားရန်နှင့် ရရှိထားသော လိုင်စင်ပါစည်းကမ်းချက်အရ ပေးပို့တင်ပြရမည့် သုံးလပတ်အစီရင်ခံစာအား ပေးပို့တင်ပြလာခြင်းမရှိပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများ လိုက်နာရမည့်တာဝန်များ ပျက်ကွက်သည်ဟု ယူဆ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၇ နှင့် အညီ လိုင်စင်ကို

ပယ်ဖျက်သည်အထိ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြုံတင်အသိပေး အကြောင်းကြားပါသည်။

ပူးတွဲပါ - Quarterly Report တင်ပြရမည့် ဧယားပုံစံ (၂) စောင်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(သန်းထွန်းအောင်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဖြန့်ဝေခြင်း

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသောကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဘဏ္ဍာရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရုံးလက်ခံ

မျှော

ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းမှုဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စာရင်းအရ
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော
ပြည်သူ့တွင်း/ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ သာမန်ရင်းငှေ၊ အသုံးစရိတ်နှင့် အသုံးပြုသူအခြေအနေ

ကုမ္ပဏီအမည်----------

ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား----------

(လုပ်ငန်းအားလုံးဖော်ပြရန်)

အမှတ်စဉ်			အကြောင်းအရာ	၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာနှစ်				
				ပထမ (၃)လပတ်	ဒုတိယ (၃)လပတ်	တတိယ (၃)လပတ်	စတုတ္ထ (၃)လပတ်	ဘဏ္ဍာနှစ် ပေါင်း
				ဖြေပြီလမှ ငွန်လထိ	ဇူလိုင်လမှ စက်တင်ဘာလထိ	အောက်တိုဘာလမှ ဒီဇင်ဘာလထိ	ဇန်နဝါရီလမှ မတ်လထိ	
၁			၂	၃	၄	၅	၆	၇
၁			**သာမန်ရင်းငှေ**					
	က		ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဝင်ငွေ					
		၁	တပ်ဆင်ခ					
		၂	သုံးစွဲခ					
			(၁)(က) စုစုပေါင်း					
၂			**သာမန်အသုံးစရိတ်**					
	က		ပစ္စည်းနှင့်ဆောင်ရွက်ပေးမှုအတွက် ကုန်ကျ စရိတ်					
		၁	လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်း					
		၂	လုပ်ငန်းဆောင်ရွက်မှုအတွက်ကုန်ကျစရိတ်များ					
		၃	အခြားအသုံးစရိတ်များ					
	ခ		လုပ်ခလစာ					
	ဂ		ထောက်ပံ့ကြေး					
	ဃ		တန်ဖိုးလျော့					
	င		သွယ်ဝိုက်ခွန် (ဝင်ငွေခွန်မှအပ)					
			(၂)(က+ခ+ဂ+ဃ+င) စုစုပေါင်း					
၃			**လုပ်ငန်းအမျိုးအစား**					
	က		အသုံးပြုသူ (End User)အရေအတွက်					
		၁	FTTH					
		၂	WiFi Services					
		၃	Satellite Earth Station facilities					

ဆက်သွယ်ရေးဥပဒေကြားမှုဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စာရင်းအရ

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ပြည်တွင်း/ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ သာမန်ရင်းနှီး၊ အသုံးစရိတ်နှင့် အသုံးပြုသူအခြေအနေ

ကုမ္ပဏီအမည်----------

ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား----------

(လုပ်ငန်းအားလုံးဖော်ပြရန်)

အမှတ်စဉ်			အကြောင်းအရာ	၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာနှစ်				
				ပထမ (၃)လပတ်	ဒုတိယ (၃)လပတ်	တတိယ (၃)လပတ်	စတုတ္ထ (၃)လပတ်	
				ဧပြီလမှ ဇွန်လထိ	ဇူလိုင်လမှ စက်တင်ဘာလထိ	အောက်တိုဘာလမှ ဒီဇင်ဘာလထိ	ဇန်နဝါရီလမှ မတ်လထိ	ဘဏ္ဍာနှစ် ပေါင်း
၁			၂	၃	၄	၅	၆	၇
		၄	Fixed Broadband					
		၅	International Gateway Services					
		၆	Value-added services					
		၇	အခြားဝန်ဆောင်မှုများ					
			(၃)(က) စုစုပေါင်း					
	ခ	၁	တာဝါတိုင်					
			(၃)(ခ) စုစုပေါင်း					
	ဂ	၁	ဖိုင်ဘာ (ကီလိုမီတာ)					
			(၃)(ဂ) စုစုပေါင်း					

မှတ်ချက်။ ။ပြင်ဆင်ပေးပို့စေလိုသည့် အချက်အလက်များပုံစံ

ဆက်သွယ်ရေးဥပဒေကြီးမှုဦးစီးဌာန

၂၀၁၈-၂၀၁၉ ခုနှစ် စာရင်းအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ပြည်တွင်း/ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ တိုင်းဒေသကြီး/ ပြည်နယ် အသုံးပြုသူဦးရေစာရင်း

ကုမ္ပဏီအမည်----------

စဉ်	တိုင်းဒေသကြီး / ပြည်နယ်	၂၀၁၈-၂၀၁၉ခုနှစ်				
		ပထမ (၃)လပတ်	ဒုတိယ (၃)လပတ်	တတိယ (၃)လပတ်	စတုတ္ထ (၃)လပတ်	(ပေါင်း)
		ဖြေလွှာမှ ရွန်လထိ	ဇူလိုင်လမှ စက်တင်ဘာလထိ	အောက်တိုဘာလမှ ဒီဇင်ဘာလထိ	ဇန်နဝါရီလမှ မတ်လထိ	
၁	၂	၃	၄	၅	၆	၇
၁	ကချင်ပြည်နယ်					
၂	ကယားပြည်နယ်					
၃	ကရင်ပြည်နယ်					
၄	ချင်းပြည်နယ်					
၅	စစ်ကိုင်းတိုင်းဒေသကြီး					
၆	တနင်္သာရီတိုင်းဒေသကြီး					
၇	**ပဲခူးတိုင်းဒေသကြီး**					
	ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)					
	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)					
၈	မကွေးတိုင်းဒေသကြီး					
၉	မန္တလေးတိုင်းဒေသကြီး					
၁၀	မွန်ပြည်နယ်					
၁၁	ရခိုင်ပြည်နယ်					
၁၂	ရန်ကုန်တိုင်းဒေသကြီး					
၁၃	**ရှမ်းပြည်နယ်**					
	ရှမ်းပြည်နယ် (တောင်ပိုင်း)					
	ရှမ်းပြည်နယ် (မြောက်ပိုင်း)					
	ရှမ်းပြည်နယ် (အရှေ့ပိုင်း)					
၁၄	ဧရာဝတီတိုင်းဒေသကြီး					
၁၅	နေပြည်တော်ကောင်စီနယ်မြေ					
	ပြည်ထောင်စုချုပ်					

မှတ်ချက်။ ။ပြင်ဆင်ပေးပို့စေလိုသည့် အချက်အလက်များပုံစံ